ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ် မျိုးဖြစ်ပါသည်။

## ၂။ တည်နေရာနှင့် ပထဝီအနေအထား

ကျွန်ုပ်တို့ ကူဖြူကျေးရွာသည် မန္တလေးတိုင်း၊ ကျောက်ဆည်ခရိုင်၊ မြစ်သား မြို့နယ် လက်ပံဆိပ်အုပ်စုတွင် ပါဝင်ပါသည်။ မြစ်သားမြို့နယ်၏ တောင်ဘက်တွင် တည်ရှိပါသည်။ မြေပြန့်လွင်ပြင်တွင်တည်ရှိပြီး အပူပိုင်းမိုးနည်းရပ်ဝန်းဒေသတွင် ပါဝင်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာ၏ အရှေ့ဘက်တွင် နီပါးကုန်းကျေးရွာ၊ အနောက်ဘက်တွင် သမတန်းကျေးရွာ၊ တောင်ဘက်တွင် အုပ်သျှစ်ကုန်းကျေးရွာနှင့် မြောက်ဘက်တွင် ကုက္ကိုကုန်းကျေးရွာတို့ တည်ရှိ ပါသည်။

## ၃။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျေးရွာသည် နှစ်စဉ် မိုးရေချိန်ပျမ်းမျှအတွင်းရှိပါသည်။ ကျေးရွာတွင် မြေဆီသြဇာ ကောင်းမွန်၍ စိုက်ပျိုးလုပ်ကိုင်နိုင်သော လယ်ယာမြေများ ပေါကြွယ်ဝ ပါသည်။ ကင်းတား ဆည်မှ စိုက်ပျိုးရေရရှိပြီး စပါး၊ ငရုတ်၊ ဝါ၊ နှမ်းစသော သီးနှံများ စိုက်ပျိုးနိုင်ပြီး ကောင်းစွာ ဖြစ်ထွန်းအောင်မြင်ပါသည်။ ကျေးရွာအနီး ပန်းလောင်မြစ် မှ သဲများရရှိပြီး ထုတ်ယူသုံးစွဲနိုင်ပါသည်။ ကျေးရွာအနီး သဘာဝတောရိုင်း တိရစ္ဆာန် များကိုလည်း တစ်ခါတစ်ရံတွေ့ရှိနိုင်ပါသည်။ ဘောစကိုင်း၊ မန်ကျည်းစသော သစ်ပင်များ ပေါများ၍ လောင်စာထင်းအဖြစ် အသုံးပြုနိုင်ပါသည်။ ကြိတ်မှန်၊ ဖားပြုတ်သည်းခြေစသော ဆေးဖက်ဝင်အပင်များ လည်းတွေ့ရပါသည်။ နွားစာအဖြစ် ကောက်ရိုး၊ ပြောင်း၊ မြက်စသော အစာများပေါများပါသည်။

## ၄။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအတွက် ကျန်းမာရေးအဖွဲ့၊ ဂေါပကအဖွဲ့၊ ရပ်မိရပ်ဖ အဖွဲ့၊ ထမင်းဟင်းချက်အဖွဲ့၊ ပရဟိတအဖွဲ့စသော အဖွဲ့အစည်းများ ရှိပါသည်။ ၎င်းအဖွဲ့များသည် ကျေးရွာ၏ ဘာသာရေး၊ သာရေးနာရေးနှင့် ဖွံ့ဖြိုးရေးကိစ္စများကို လုပ်ဆောင်ကြပါသည်။အမျိုးသမီးများလည်းပါဝင်လုပ်ဆောင်ကြပါသည်။စွမ်းဆောင် နိုင်မှုလည်း ကောင်းသည်ကို တွေ့ရပါသည်။ အားလုံးပူးပေါင်း လုပ်ဆောင်ကြပါသည်။

ပိုမိုပူးပေါင်းပါဝင်ရန် ဖွံ့ဖြိုးရေးဆိုင်ရာ အသိအမြင်များ၊ မှတ်တမ်းမှတ်ရာများ စနစ်တကျထားသိုနိုင်ရန် ပံ့ပိုးပေးရန်လိုပါမည်။ ကျေးရွာတွင် သာရေး၊ နာရေး၊ လူမှုရေးကိစ္စများတွင် ကျေးရွာသူ/သား စည်းလုံးညီညွတ်စွာ ဝိုင်းဝန်း ဆောင်ရွက်သော အလေ့အကျင့်ကောင်းများ ရှိပါသည်။

## (ခ) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

ကျွန်ုပ်တို့ကူဖြူကျေးရွာတွင် အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လယ်ယာ စိုက်ပျိုးခြင်းကို အဓိကလုပ်ကိုင်ကြပါသည်။ စပါး၊ ငရုတ်၊ ဝါ၊ နှမ်း သီးနှံများကို အဓိကထား စိုက်ပျိုးကြပါသည်။ စပါးကို ဝါဆို၊ ဝါခေါင် လများတွင် စိုက်ပျိုးကြပြီး အထွက်နှုန်းမှာ တစ်ဧက လျှင် အနည်းဆုံး တင်း (၅၀) မှ အများဆုံး တင်း (၇၀) အထိ အထွက်နှုန်းရရှိပါသည်။ ငရုတ် တစ်ဧကလျှင် အနည်းဆုံး တင်း (၃၀) မှ အများဆုံး တင်း (၅၀) အထိ အထွက်နှုန်း ရရှိပါသည်။ မွေးမြူရေးကို စီးပွားဖြစ် ဆိတ်မွေးမြူသည့်အိမ်ထောင်စု (၁) အိမ် ထောင်စုသာ ရှိပါသည်။ အများစုမှာ မိသားစုအပိုဝင်ငွေရရန်အတွက် တစ်နိုင်တစ်ပိုင်သာ မွေးမြူကြပါ သည်။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် အိမ်ဆိုင် ဈေးရောင်းခြင်း၊ လယ်လုပ်ငန်းများတွင်အငှားလုပ်ခြင်း၊ စက်ကိရိယာပြင်ဆင်ခြင်း၊ စက်ချုပ် ခြင်းများဖြင့်လည်း အသက်မွေးဝမ်းကျောင်းပြု လုပ်ကိုင်ကြပါသည်။

## (ဂ) အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

ကျေးရွာ၏ အခြေခံအဆောက်အဦကဏ္ဍတွင် ကျေးရွာတွင်းလမ်း၊ ချဉ်းကပ်လမ်းနှင့် ရွာချင်းဆက်လမ်းများသည် မြေသားလမ်းများဖြစ်ကြပါသည်။ ချဉ်းကပ်လမ်းသည် ရန်ကုန်- မန္တလေးလမ်းမကြီးကို ဆက်သွယ်ထားပါသည်။ လမ်းများကို တစ်နှစ်ပတ်လုံး အသုံးပြု သွားလာနိုင်ပါသည်။ သွားလာရေးယာဉ်အဖြစ် စက်ဘီး၊ ဆိုင်ကယ်၊ သုံးဘီးကား၊ ကားများကို အသုံးပြုသွားလာကြပါသည်။ ကျေးရွာတွင် ကွန်ကရစ်တံတား ၂ စင်းရှိပါသည်။ (၁) စင်းသည် အရည်အသွေး ကောင်းမွန်သေးသော်လည်း တံတား (၁) စင်းမှာ ဆွေးမြေ့နေပြီဖြစ်ပါသည်။ တစ်နှစ်ပတ်လုံး အသုံးပြုနိုင်ပါသည်။ ကျေးရွာတွင် လျှပ်စစ်မီး မသွယ်တန်းနိုင် သေးပါ။ သို့သော် မီးတိုင်များစိုက်ထူခြင်း၊ မီးကြိုးများသွယ်တန်းထားပြီး ရန်ပုံငွေ လည်း စုဆောင်း ထားပါသည်။

ကျေးရွာတွင်မူလတန်းကျောင်းတည်ရှိပါသည်။အလယ်တန်းနှင့် အထက်တန်းကျောင်း ပညာရေးကိုမူ မြစ်သားမြို့ ( အ.ထ.က ) ကျောင်းသို့ သွားရောက်တက်ရောက် ကြပါသည်။ ကျန်းမာရေးအတွက် ကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်း တည်ရှိခြင်းကြောင့် ကိုယ်ဝန်ဆောင် မိခင်များ၊ ကလေးသူငယ်များအတွက် ကာကွယ်ဆေးများ ပုံမှန်လာရောက် ထိုးနှံပေးပါသည်။ ကျန်းမာရေးလက်လှမ်းမီပါသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးရေးချေးငွေရရှိပါသည်။ ကာလတို ချေးငွေဖြစ်ပြီး၊ ချေးငွေကာလမှာ ၆ လဖြစ်ပါသည်။ တစ်ဧကလျှင် တစ်သိန်းခွဲနှုန်း ရရှိပါသည်။ ဇူလိုင်လတွင် ပုံမှန်ထုတ်ချေးပါသည်။ သမဝါယမအသင်း၏ ချေးငွေလည်း ရရှိပါသည်။ ငွေတိုးပေးသူထံမှလည်း ချေးငွေရယူနိုင်ပါသည်။

## (င) ပညာရေး

ကျေးရွာတွင် အခြေခံပညာ မူလတန်းကျောင်းရှိပါသည်။ မူလတန်းအရွယ်ကလေး ငယ်များအားလုံး မူလတန်းပညာကို လက်လှမ်းမီကြပါသည်။ အလယ်တန်း၊ အထက်တန်း ပညာကို မြစ်သားမြို့အထက်တန်းကျောင်းသို့ သွားရောက်တက်ရောက်ကြပါသည်။မူလတန်းကျောင်းသည်ကျေးရွာအနီးတွင်သာရှိပြီး၊ခြေလျင် တက်ရောက်ကြပါသည်။ ကျောင်းဆရာ/မ လုံလောက်မှုရှိပါသည်။ ကျေးရွာတွင် အများစုသည် မူလတန်း၊ အလယ်တန်းအဆင့်သာ ပညာ တတ်မြောက်ကြပြီး အထက်တန်းအဆင့် ၊ တက္ကသိုလ်အဆင့် ပညာတတ်မြောက်သူ နည်းပါးကြောင်း သုံးသပ်နိုင်ပါသည်။ ကျေးရွာတွင် ပန်းရံ၊ လက်သမား၊ ဆံပင်ညှပ်၊ စက်ချုပ်၊ စက်ဘီး ဆိုင်ကယ်ပြုပြင်ရေး ကျွမ်းကျင်လုပ်သားများလည်းရှိပါသည်။

## (စ) ကျန်းမာရေး

ကျေးရွာအတွင်း ဆေးပေးခန်းတည်ရှိသည့်အတွက် ကျန်းမာရေးဆိုးရွားစွာဖြစ်ပွားခြင်း မရှိပါ။ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားလေ့ရှိပြီး ဆေးပေးခန်းနှင့် နီးသည့်အတွက် သွားလာရေးအဆင်ပြေပါသည်။

ဇယား (၄၅) ကူဖြူကျေးရွာ ၊ ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

| ပြဿနာ | ဖြစ်ပွားရသည့် အကြောင်းအရင်း | အလားအလာ | အဟန့်အတား | ဖြေရှင်းနိုင်သည့် နည်းလမ်း | စီမံကိန်း |
|---|---|---|---|---|---|
| **၁။ လျှပ်စစ်** | | | | | |
| • လျှပ်စစ်မီး မရရှိခြင်း | •ကျေးရွာတွင် ငွေကြေး မပြည့်စုံခြင်း<br>•ပြည်သူများမှာ အလုပ်ရှင်တောင်သူနည်းပါး ခြင်း<br>•ကျပန်းလုပ်သား များ များပြားခြင်း | • မီးလင်းရေးကော်မတီ ဖွဲ့စည်းထားရှိခြင်း<br>• လျှပ်စစ်ဝန်ကြီးဌာနရှိ ခြင်း<br>• မဟာဓါတ်အားလိုင်းနှင့် နှစ်မိုင်အတွင်း ရှိခြင်း | | •ငွေကြေးကောက် ခံစုဆောင်းခြင်း<br>•လျှပ်စစ်ဦးစီးဌာန နှင့် ချိတ်ဆက်ရန် | •မီးလင်းရေး ကော်မတီမှ ငွေကြေးကောက် ခံစုဆောင်းပြီး လျှပ်စစ်ဦးစီးဌာနနှင့်ချိတ်ဆက်၍ လျှပ်စစ်မီးသွယ်တန်းခြင်း |
| **၂။ အခြေခံ အဆောက်အဦ** | | | | | |
| •ကျေးရွာအဝင်လမ်း | •ရွာတွင်းလမ်းနှင့် တောထွက်လမ်းများ | • လမ်းဦးစီးဌာန ရှိခြင်း | • ငွေကြေးမ | •သက်ဆိုင်ရာ ဝန်ကြီးဌာန | •ကျေးရွာအဝင် လမ်းနှင့် တော |

